ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ

# (၆)လ အမျိုးသားစီမံကိန်းဥပဒေ

၂၀၁၈ ခုနှစ်၊ မတ်လ

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄ ။)

၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ် ၊ မတ်လ ၉ ရက်)

## နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်း ဥပဒေအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက် ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအနှစ် ၂၀ နှစ်ရှည် စီမံကိန်း၊ ကာလတို ငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည် ဖော်မည့်နှစ်စဉ်စီမံကိန်းများပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှု

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း

ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **၆ လ စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုအပေါ် အခြေခံ၍ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း ဆောင်ရွက်မည့် စီမံကိန်းရည်မှန်းချက်များဖြစ်သည်။

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ စီမံကိန်းရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၃၃.၇ ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၃.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၂.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၂.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၆.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၆.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၅.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၅.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၅.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၆.၄ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၂၂.၁ ရာခိုင်နှုန်းမှ ၂၁.၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၄.၁ ရာခိုင်နှုန်းမှ ၃၅.၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ပြောင်းလဲမှုမရှိဘဲ ၄၃.၈ ရာခိုင်နှုန်း ဖြစ်ပေါ်ရန်၊

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း



(င) နိုင်ငံပိုင်အခန်းမှကျပ် ၂,၈၈၄.၁ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၉,၂၅၂.၉ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၉,၆၅၃.၁ ဘီလီယံ တင်သွင်းရန်။

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း ၆/၁၂



၁၂။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွင်း ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများ အတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု ၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက် ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလ အထိ (၆) လ အမျိုးသားစီမံကိန်း နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း



ပူးတွဲ-၁

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ အမျိုးသားစီမံကိန်း

## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ် ( ဧပြီလမှ စက်တင်ဘာလအထိ) ( ၆) လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၅,၁၈၈,၅၇၆.၄ | ၂၄.၀ | ၀.၅ | ၅,၃၇၀,၀၂၈.၄ | ၂၃.၂ | ၃.၅ |
| | ၁ | လယ်ယာ | ၂,၈၄၁,၇၆၁.၀ | ၁၃.၁ | ၁.၃ | ၂,၉၄၂,၀၇၁.၇ | ၁၂.၇ | ၃.၅ |
| | ၂ | သားငါး | ၂,၃၃၀,၉၉၀.၉ | ၁၀.၈ | -၀.၃ | ၂,၄၁၇,၄၆၂.၁ | ၁၀.၄ | ၃.၇ |
| | ၃ | သစ်တော | ၁၅,၈၂၄.၅ | ၀.၁ | -၂၅.၁ | ၁၀,၄၉၄.၆ | ၀.၁ | -၃၃.၇ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၆,၁၀၅,၇၁၅.၄ | ၂၈.၃ | ၈.၄ | ၆,၆၄၈,၇၈၀.၂ | ၂၈.၇ | ၈.၉ |
| | ၁ | စွမ်းအင် | ၄၄,၄၁၇.၉ | ၀.၂ | ၁၁.၃ | ၄၅,၇၂၁.၈ | ၀.၂ | ၂.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၈၆,၉၇၆.၈ | ၁.၃ | ၁၃.၆ | ၂၉၅,၉၃၂.၃ | ၁.၃ | ၃.၁ |
| | ၃ | စက်မှုလက်မှု | ၄,၃၉၀,၅၇၈.၄ | ၂၀.၃ | ၉.၂ | ၄,၇၈၆,၂၂၉.၂ | ၂၀.၇ | ၉.၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၄၂၀,၀၁၀.၁ | ၂.၀ | ၅.၃ | ၄၇၀,၅၃၄.၀ | ၂.၀ | ၁၂.၀ |
| | ၅ | ဆောက်လုပ်မှု | ၉၆၃,၇၃၂.၂ | ၄.၅ | ၄.၄ | ၁,၀၅၀,၃၆၂.၉ | ၄.၅ | ၉.၀ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၁၀,၃၁၆,၄၅၇.၂ | ၄၇.၇ | ၈.၃ | ၁၁,၁၄၂,၀၃၉.၈ | ၄၈.၁ | ၈.၀ |
| | ၁ | ပို့ဆောင်ရေး | ၃,၅၂၉,၅၅၆.၅ | ၁၆.၃ | ၆.၇ | ၃,၈၀၂,၁၁၄.၉ | ၁၆.၄ | ၇.၇ |
| | ၂ | ဆက်သွယ်ရေး | ၁,၅၆၅,၁၃၃.၈ | ၇.၃ | ၁၂.၃ | ၁,၇၀၈,၀၀၇.၆ | ၇.၄ | ၉.၁ |
| | ၃ | ငွေရေးကြေးရေး | ၁၅၈,၀၉၁.၈ | ၀.၇ | ၂၀.၉ | ၁၇၂,၅၀၃.၃ | ၀.၈ | ၉.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၁၁,၃၇၆.၃ | ၃.၃ | ၄.၄ | ၇၄၁,၄၃၃.၄ | ၃.၂ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၈၀၁,၆၃၀.၂ | ၃.၇ | ၁၁.၆ | ၈၈၈,၄၉၅.၆ | ၃.၈ | ၁၀.၈ |
| | ၆ | ကုန်သွယ်မှု | ၃,၅၅၀,၆၆၈.၆ | ၁၆.၄ | ၇.၇ | ၃,၈၂၉,၄၄၅.၀ | ၁၆.၅ | ၇.၉ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | ၂၁,၆၁၀,၇၄၉.၀ | ၁၀၀.၀ | ၆.၃ | ၂၃,၁၆၀,၈၄၈.၄ | ၁၀၀.၀ | ၇.၂ |

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း



ပူးတွဲ-၂

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ အမျိုးသားစီမံကိန်း ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ် ( ဧပြီလမှ စက်တင်ဘာလအထိ) ( ၆) လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | ထုတ်လုပ်မှုတန်ဖိုး | ၁၁,၂၉၄,၂၉၁.၈ | ၅၂.၃ | ၄.၆ | ၁၂,၀၁၈,၈၀၈.၆ | ၅၁.၉ | ၆.၄ |
| | ၁ | လယ်ယာ | ၂,၈၄၁,၇၆၁.၀ | ၁၃.၁ | ၁.၃ | ၂,၉၄၂,၀၇၁.၇ | ၁၂.၇ | ၃.၅ |
| | ၂ | သားငါး | ၂,၃၃၀,၉၉၀.၉ | ၁၀.၈ | -၀.၃ | ၂,၄၁၇,၄၆၂.၁ | ၁၀.၄ | ၃.၇ |
| | ၃ | သစ်တော | ၁၅,၈၂၄.၅ | ၀.၁ | -၂၅.၁ | ၁၀,၄၉၄.၆ | ၀.၁ | -၃၃.၇ |
| | ၄ | စွမ်းအင် | ၄၄,၄၁၇.၉ | ၀.၂ | ၁၁.၃ | ၄၅,၇၂၁.၈ | ၀.၂ | ၂.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၈၆,၉၇၆.၈ | ၁.၃ | ၁၃.၆ | ၂၉၅,၉၃၂.၃ | ၁.၃ | ၃.၁ |
| | ၆ | စက်မှုလက်မှု | ၄,၃၉၀,၅၇၈.၄ | ၂၀.၃ | ၉.၂ | ၄,၇၈၆,၂၂၉.၂ | ၂၀.၇ | ၉.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၄၂၀,၀၁၀.၁ | ၂.၀ | ၅.၃ | ၄၇၀,၅၃၄.၀ | ၂.၀ | ၁၂.၀ |
| | ၈ | ဆောက်လုပ်မှု | ၉၆၃,၇၃၂.၂ | ၄.၅ | ၄.၄ | ၁,၀၅၀,၃၆၂.၉ | ၄.၅ | ၉.၀ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၆,၇၆၅,၇၈၈.၆ | ၃၁.၃ | ၈.၆ | ၇,၃၁၂,၅၉၄.၈ | ၃၁.၆ | ၈.၁ |
| | ၁ | ပို့ဆောင်ရေး | ၃,၅၂၉,၅၅၆.၅ | ၁၆.၃ | ၆.၇ | ၃,၈၀၂,၁၁၄.၉ | ၁၆.၄ | ၇.၇ |
| | ၂ | ဆက်သွယ်ရေး | ၁,၅၆၅,၁၃၃.၈ | ၇.၃ | ၁၂.၃ | ၁,၇၀၈,၀၀၇.၆ | ၇.၄ | ၉.၁ |
| | ၃ | ငွေရေးကြေးရေး | ၁၅၈,၀၉၁.၈ | ၀.၇ | ၂၀.၉ | ၁၇၂,၅၀၃.၃ | ၀.၈ | ၉.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၁၁,၃၇၆.၃ | ၃.၃ | ၄.၄ | ၇၄၁,၄၇၃.၄ | ၃.၂ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၈၀၁,၆၃၀.၂ | ၃.၇ | ၁၁.၆ | ၈၈၈,၄၉၅.၆ | ၃.၈ | ၁၀.၈ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၃,၅၅၀,၆၆၈.၆ | ၁၆.၄ | ၇.၇ | ၃,၈၂၉,၄၄၅.၀ | ၁၆.၅ | ၇.၉ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) | ၂၁,၆၁၀,၇၄၉.၀ | ၁၀၀.၀ | ၆.၃ | ၂၃,၁၆၀,၈၄၈.၄ | ၁၀၀.၀ | ၇.၂ |

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း

ပူးတွဲ-၃

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ် ( ဧပြီလမှ စက်တင်ဘာလအထိ) ( ၆) လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၃၃၅,၅၂၉.၈ | ၁.၆ | ၆.၈ | ၃၄၄,၇၇၈.၅ | ၁.၅ | ၂.၈ |
| ၂ | ကယားပြည်နယ် | ၇၉,၄၉၀.၈ | ၀.၄ | ၀.၄ | ၈၄,၃၀၅.၃ | ၀.၄ | ၆.၁ |
| ၃ | ကရင်ပြည်နယ် | ၃၆၂,၇၁၆.၀ | ၁.၇ | ၅.၉ | ၃၈၆,၃၂၇.၆ | ၁.၇ | ၆.၅ |
| ၄ | ချင်းပြည်နယ် | ၈၃,၀၄၀.၉ | ၀.၄ | ၁.၇ | ၈၇,၄၄၈.၆ | ၀.၄ | ၅.၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂,၄၈၁,၅၈၀.၆ | ၁၁.၅ | ၁၂.၅ | ၂,၆၃၀,၇၁၄.၄ | ၁၁.၃ | ၆.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၉၆၀,၃၉၂.၄ | ၄.၄ | ၅.၁ | ၁,၀၂၈,၇၈၈.၂ | ၄.၄ | ၇.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁,၄၇၄,၅၈၃.၈ | ၆.၈ | ၅.၁ | ၁,၅၇၇,၇၀၂.၃ | ၆.၈ | ၇.၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂,၀၁၃,၇၆၄.၄ | ၉.၃ | -၀.၅ | ၂,၁၆၈,၂၄၇.၀ | ၉.၄ | ၇.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂,၅၃၉,၈၀၈.၀ | ၁၁.၈ | ၉.၆ | ၂,၇၅၈,၇၄၃.၈ | ၁၁.၉ | ၈.၆ |
| ၁၀ | မွန်ပြည်နယ် | ၉၂၁,၅၉၉.၃ | ၄.၃ | ၇.၈ | ၉၈၂,၀၁၅.၈ | ၄.၂ | ၆.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၇၂၁,၅၀၅.၁ | ၃.၃ | ၂.၈ | ၇၆၁,၀၃၄.၈ | ၃.၃ | ၅.၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅,၇၃၇,၀၆၉.၆ | ၂၆.၅ | ၇.၄ | ၆,၂၃၀,၄၁၂.၁ | ၂၆.၉ | ၈.၆ |
| ၁၃ | ရှမ်းပြည်နယ် | ၁,၄၀၁,၄၉၇.၃ | ၆.၅ | ၃.၃ | ၁,၄၈၂,၄၀၂.၇ | ၆.၄ | ၅.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၂,၀၄၈,၅၂၂.၅ | ၉.၅ | ၃.၂ | ၂,၁၅၉,၄၃၇.၇ | ၉.၃ | ၅.၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၄၄၉,၆၄၈.၅ | ၂.၀ | ၁၁.၀ | ၄၇၈,၄၈၉.၆ | ၂.၁ | ၆.၄ |

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း



ပူးတွဲ-၄

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ အမျိုးသားစီမံကိန်း

ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) ( ၆) လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၆,၄၉၅,၃၂၀.၁ | ၂၂.၁ | ၆,၉၃၅,၂၉၆.၀ | ၂၁.၁ | ၆.၈ |
| | ၁ | လယ်ယာ | ၃,၄၂၄,၀၄၂.၈ | ၁၁.၆ | ၃,၆၅၂,၆၈၄.၆ | ၁၁.၁ | ၆.၇ |
| | ၂ | သားငါး | ၃,၀၅၀,၃၁၂.၆ | ၁၀.၄ | ၃,၂၇၀,၀၀၁.၈ | ၉.၉ | ၇.၂ |
| | ၃ | သစ်တော | ၂၀,၉၆၄.၇ | ၀.၁ | ၁၂,၆၀၉.၆ | ၀.၁ | -၃၉.၉ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၁၀,၀၂၅,၃၈၆.၀ | ၃၄.၁ | ၁၁,၅၃၀,၉၂၀.၀ | ၃၅.၁ | ၁၅.၀ |
| | ၁ | စွမ်းအင် | ၁,၅၈၉,၄၁၄.၂ | ၅.၄ | ၁,၇၅၁,၂၇၂.၄ | ၅.၃ | ၁၀.၂ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၂၀,၀၁၇.၅ | ၁.၄ | ၄၂၃,၉၃၃.၂ | ၁.၃ | ၀.၉ |
| | ၃ | စက်မှုလက်မှု | ၅,၉၅၂,၅၆၉.၈ | ၂၀.၂ | ၆,၉၂၀,၅၇၀.၇ | ၂၁.၁ | ၁၆.၃ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၀၅,၃၆၀.၄ | ၂.၁ | ၆၉၆,၀၇၀.၅ | ၂.၁ | ၁၅.၀ |
| | ၅ | ဆောက်လုပ်မှု | ၁,၄၅၈,၀၂၄.၁ | ၅.၀ | ၁,၇၃၉,၀၇၃.၂ | ၅.၃ | ၁၉.၃ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၁၂,၈၈၉,၅၂၂.၁ | ၄၃.၈ | ၁၄,၄၀၆,၉၈၆.၅ | ၄၃.၈ | ၁၁.၈ |
| | ၁ | ပို့ဆောင်ရေး | ၄,၁၄၁,၈၈၄.၇ | ၁၄.၁ | ၄,၄၈၄,၅၂၅.၉ | ၁၃.၆ | ၈.၃ |
| | ၂ | ဆက်သွယ်ရေး | ၈၉၄,၈၃၈.၇ | ၃.၀ | ၁,၀၀၀,၉၆၅.၆ | ၃.၀ | ၁၁.၉ |
| | ၃ | ငွေရေးကြေးရေး | ၁၂၂,၅၀၄.၆ | ၀.၄ | ၁၃၃,၆၇၁.၂ | ၀.၄ | ၉.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၂၈၂,၉၂၆.၅ | ၄.၄ | ၁,၃၃၇,၃၆၃.၀ | ၄.၁ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၁၇၅,၃၆၄.၁ | ၄.၀ | ၁,၃၇၈,၅၀၃.၆ | ၄.၂ | ၁၇.၃ |
| | ၆ | ကုန်သွယ်မှု | ၅,၂၇၂,၀၀၃.၅ | ၁၇.၉ | ၆,၀၇၁,၉၅၇.၂ | ၁၈.၅ | ၁၅.၂ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၂၉,၄၁၀,၂၂၈.၂ | ၁၀၀.၀ | ၃၂,၈၇၃,၂၀၂.၅ | ၁၀၀.၀ | ၁၁.၈ |

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း

ပူးတွဲ-၅

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ အမျိုးသားစီမံကိန်း ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) တန်ဖိုး | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) ( ၆) လ အမျိုးသားစီမံကိန်း တန်ဖိုး | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) ( ၆) လ အမျိုးသားစီမံကိန်း ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) ( ၆) လ အမျိုးသားစီမံကိန်း ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | **ထုတ်လုပ်မှုတန်ဖိုး** | **၁၆,၅၂၀,၇၀၆.၁** | **၅၆.၂** | **၁၈,၄၆၆,၂၁၆.၀** | **၅၆.၂** | **၁၁.၈** |
| ၁ | လယ်ယာ | ၃,၄၂၄,၀၄၂.၈ | ၁၁.၆ | ၃,၆၅၂,၆၈၄.၆ | ၁၁.၁ | ၆.၇ |
| ၂ | သားငါး | ၃,၀၅၀,၃၁၂.၆ | ၁၀.၄ | ၃,၂၇၀,၀၀၁.၈ | ၉.၉ | ၇.၂ |
| ၃ | သစ်တော | ၂၀,၉၆၄.၇ | ၀.၁ | ၁၂,၆၀၉.၆ | ၀.၁ | -၃၉.၉ |
| ၄ | စွမ်းအင် | ၁,၅၈၉,၄၁၄.၂ | ၅.၄ | ၁,၇၅၀,၂၇၂.၄ | ၅.၃ | ၁၀.၂ |
| ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၂၀,၀၁၇.၅ | ၁.၄ | ၄၂၃,၉၃၃.၂ | ၁.၃ | ၀.၉ |
| ၆ | စက်မှုလက်မှု | ၅,၉၅၂,၅၆၉.၈ | ၂၀.၂ | ၆,၉၂၀,၅၇၀.၇ | ၂၁.၁ | ၁၆.၃ |
| ၇ | လျှပ်စစ်ဓာတ်အား | ၆၀၅,၃၆၀.၄ | ၂.၁ | ၆၉၆,၀၇၀.၅ | ၂.၁ | ၁၅.၀ |
| ၈ | ဆောက်လုပ်မှု | ၁,၄၅၈,၀၂၄.၁ | ၅.၀ | ၁,၇၃၉,၀၃၃.၂ | ၅.၃ | ၁၉.၃ |
| ၂ | **ဝန်ဆောင်မှုတန်ဖိုး** | **၇,၆၁၇,၅၁၈.၆** | **၂၅.၉** | **၈,၃၃၅,၀၂၉.၃** | **၂၅.၃** | **၉.၄** |
| ၁ | ပို့ဆောင်ရေး | ၄,၁၄၁,၈၈၄.၇ | ၁၄.၁ | ၄,၄၈၄,၅၂၅.၉ | ၁၃.၆ | ၈.၃ |
| ၂ | ဆက်သွယ်ရေး | ၈၉၄,၈၃၈.၇ | ၃.၀ | ၁,၀၀၀,၉၆၅.၆ | ၃.၀ | ၁၁.၉ |
| ၃ | ငွေရေးကြေးရေး | ၁၂၂,၅၀၄.၆ | ၀.၄ | ၁၃၃,၆၇၁.၂ | ၀.၄ | ၉.၁ |
| ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၂၈၂,၉၂၆.၅ | ၄.၄ | ၁,၃၃၇,၃၆၃.၀ | ၄.၁ | ၄.၂ |
| ၅ | အခြားဝန်ဆောင်မှု | ၁,၁၇၅,၃၆၄.၁ | ၄.၀ | ၁,၃၇၈,၅၀၃.၆ | ၄.၂ | ၁၇.၃ |
| ၃ | **ကုန်သွယ်မှုတန်ဖိုး** | **၅,၂၇၂,၀၀၃.၅** | **၁၇.၉** | **၆,၀၇၁,၉၅၃.၂** | **၁၈.၅** | **၁၅.၂** |
| ၄ | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၂၉,၄၁၀,၂၂၈.၂** | **၁၀၀.၀** | **၃၂,၈၇၃,၂၀၂.၅** | **၁၀၀.၀** | **၁၁.၈** |

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း

ပူးတွဲ-၆

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ အမျိုးသားစီမံကိန်း
## စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) ( ၆ ) လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၄၇၃,၈၂၃.၁ | ၁.၆ | ၄၈၂,၉၂၀.၀ | ၁.၅ | ၁.၉ |
| ၂ | ကယားပြည်နယ် | ၁၀၂,၉၈၅.၃ | ၀.၃ | ၁၁၂,၅၈၇.၈ | ၀.၃ | ၉.၃ |
| ၃ | ကရင်ပြည်နယ် | ၄၅၁,၀၀၆.၁ | ၁.၅ | ၅၀၀,၀၉၀.၄ | ၁.၅ | ၁၀.၉ |
| ၄ | ချင်းပြည်နယ် | ၁၀၂,၉၇၇.၇ | ၀.၄ | ၁၂၂,၀၄၇.၃ | ၀.၄ | ၈.၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃,၂၂၆,၄၅၉.၃ | ၁၁.၀ | ၃,၅၇၃,၉၉၂.၀ | ၁၀.၉ | ၁၀.၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၆၁၆,၇၂၃.၀ | ၅.၅ | ၁,၆၈၇,၉၁၀.၀ | ၅.၁ | ၄.၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁,၈၁၅,၀၄၁.၂ | ၆.၂ | ၂,၀၁၂,၅၇၅.၉ | ၆.၁ | ၁၀.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂,၆၃၃,၂၄၅.၀ | ၉.၀ | ၂,၉၅၀,၇၇၃.၀ | ၉.၀ | ၁၂.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃,၂၁၄,၁၂၃.၇ | ၁၀.၉ | ၃,၆၄၃,၈၄၈.၈ | ၁၁.၁ | ၁၃.၄ |
| ၁၀ | မွန်ပြည်နယ် | ၁,၁၄၀,၄၅၈.၉ | ၃.၉ | ၁,၂၆၆,၇၅၄.၆ | ၃.၈ | ၁၁.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၂၆၉,၂၄၃.၃ | ၄.၃ | ၁,၅၅၀,၁၈၀.၁ | ၄.၇ | ၂၂.၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇,၄၄၀,၉၁၅.၁ | ၂၅.၃ | ၈,၅၂၉,၈၃၂.၃ | ၂၆.၀ | ၁၄.၆ |
| ၁၃ | ရှမ်းပြည်နယ် | ၁,၇၅၁,၁၈၉.၃ | ၆.၀ | ၁,၉၂၉,၅၈၄.၆ | ၅.၉ | ၁၀.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၃,၅၅၉,၈၀၉.၄ | ၁၂.၁ | ၃,၈၅၃,၀၁၂.၀ | ၁၁.၇ | ၈.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၆၀၂,၂၂၇.၈ | ၂.၀ | ၆၅၇,၀၉၃.၇ | ၂.၀ | ၉.၁ |